# 9

## ရာဇဝတ်ပြင်ဆင်ချက်

## ၁၉၅၁ ခုနှစ်၊ ရာဇဝတ်ဥပဒေပြင်ဆင်ချက် အက်ဥပဒေ

## ရာဇဝတ် ဥပဒေပြင်ဆင်ချက်

## ၁၉၅၁ ခုနှစ်၊ ရာဇဝတ်ဥပဒေ ပြင်ဆင်ချက် အက်ဥပဒေ*

## ၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၉။ (၁၉၅၁ ခု၊ ဧပြီလ ၆ ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို ၁၉၅၁ ခုနှစ်၊ ရာဇဝတ်ဥပဒေ ပြင်ဆင်ချက် အက်ဥပဒေဟု ခေါ်ရမည်။

၂။ ။ (၁) ဤအက်ဥပဒေတွင် "ဇယားဝင်ပြစ်မှု" ဆိုသည်မှာ၊ ဤအက်ဥပဒေ၏ ဇယားတွင်သီးခြားဖော်ပြထားသည့် ပြစ်မှုတစ်ခုခုကိုဆိုလိုသည်။

(၂) ဤအက်ဥပဒေပါကိစ္စများ အလို့ငှာ၊ ရာဇဝတ်မှုခင်းများ ပြီးဆုံးသည့်နေ့သည်-

(က) အယူခံမှုအဖြစ်ဖြင့်သော်၎င်း (ပြင်ဆင်မှုအဖြစ်ဖြင့်သော်၎င်း)[၁]၊ ထိုမှုခင်းများကို တရားလွှတ်တော်သို့ တင်ပို့လျှင် တရားလွှတ်တော်က ထိုအယူခံမှုတွင်၊ သို့တည်းမဟုတ် (ထိုပြင်ဆင်မှုတွင်)[၁] အပြီးသတ်အမိန့် ချမှတ်သည့်နေ့ဖြစ်သည် ဟူ၍သော်၎င်း။

(ခ) ထိုမှုခင်းများကို၊ တရားလွှတ်တော်သို့ မတင်ပို့လျှင်၊ ရာဇဝတ်တရားရုံးတော်က ထိုမှုခင်းများတွင် နောက်ဆုံးစီရင်ချက်၊ သို့တည်းမဟုတ် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်းခြောက်ဆယ် စေ့ကုန်သည့်နေ့၏ နောက် နေ့ဖြစ်သည်ဟူ၍၎င်း မှတ်ယူရမည်။

(၃) ရန်ကုန်မြို့တွင် ခရိုင်ဝန်၏ အလုပ်ဝတ္တရားများကို ကောလိပ်တော်အရာရှိက ဆောင်ရွက်ရမည်။

၃။ ။ (၁) လူတစ်ဦးတစ်ယောက်သည် ဇယားဝင်ပြစ်မှုတစ်ခုခုကို ကျူးလွန်သည်ဟု ယုံကြည်ရန်အကြောင်း နိုင်ငံတော်သမ္မတ၌ ရှိလျှင်ထိုပြစ်မှုကို တရားရုံးတစ်

---

* မြန်မာနိုင်ငံပြန်တမ်း ၁၉၅၁ခု အပိုင်း ၁၊ စာ-၂၁၉၊
၁၉၅၁၊ အက်ဥပဒေ၃၄ အရပြင်ဆင်သည်။

ရပ်ရပ်က အရေးယူသည်ဖြစ်စေ၊ မယူသည်ဖြစ်စေ၊ ထိုသူသာမန်အားဖြင့် နေထိုင်သည့် သို့တည်းမဟုတ် အလုပ်လုပ်ကိုင်သည့် နယ်ပယ်တွင် စီရင်ပိုင်ခွင့်အာဏာရှိသောခရိုင်ဝန်ထံ ထိုပြစ်မှုကိုကျူးလွန်၍ ထိုသူရသည်ဟု နိုင်ငံတော်သမ္မတက ယုံကြည်သည့်ငွေကို သို့တည်းမဟုတ်အခြားပစ္စည်းကို ဤအက်ဥပဒေအရ ဝါရန်းကပ်ရန် အတွက်သော်ငင်း၊ ထိုငွေကို၊ သို့တည်းမဟုတ် အခြားပစ္စည်းကို အကြောင်းတစ်ခုခုကြောင့် ဝရန်းမကပ်နိုင်လျှင်၊ ထိုငွေနှင့် သို့တည်းမဟုတ် အခြားပစ္စည်းနှင့် တန်ဖိုး ညီမျှသော ထိုသူပိုင်အခြားပစ္စည်းကို ဝါရမ်းကပ်နိုင်ရန်အတွက်သော်ငင်း၊ လျှောက်လွှာတင်သွင်းရန် နိုင်ငံတော် သမ္မတကညွှန်ကြားနိုင်သည်။

(၂) တရားမကျင့်ထုံးဥပဒေ၏ ပထမဇယားရှိ အမိန့်အမှတ် ၂၇ပါ ပြဋ္ဌာန်းချက်များသည် အစိုးရစွဲဆိုသည့် တရားမမှုများနှင့် သက်ဆိုင်သကဲ့သို့ ဤအက်ဥပဒေအရ ဝရမ်းကပ်သည့် အမိန့်ရရှိရန်အတွက် စွဲဆိုသည့် မှုခင်းများနှင့်လည်း သက်ဆိုင်ရမည်။

(၃) ပုဒ်မခွဲ (၁)အရ တင်သွင်းသော လျှောက်လွှာနှင့်အတူ ကျမ်းကျိန်လွှာ တစ်စောင်ဖြစ်စေ၊ တစ်စောင်ထက်ပို၍ဖြစ်စေ ပါရှိရမည်။ ထိုကျမ်းကျိန်လွှာတွင်၊ သို့တည်းမဟုတ် ကျမ်းကျိန်လွှာများတွင် ဇယားဝင် ပြစ်မှုတစ်ခုခုကိုထိုသူကျူးလွန်သည်ဟု မည်သည့်အတွက် ယုံကြည်ရသည့် အကြောင်းများကိုငင်း၊ ပြစ်မှုကိုကျူးလွန်၍ ရရှိသည်ဟု ယုံကြည်ရ သည့်ငွေပေါင်း၊ သို့တည်းမဟုတ် အခြားပစ္စည်း၏ တန်ဖိုးကိုငင်း ဖော်ပြရမည်။ လျှောက်လွှာတွင်-

(က) ထိုငွေ၊ သို့တည်းမဟုတ် ပစ္စည်းရှိဆဲဖြစ်သည့် နေရာနှင့် ပတ်သက်၍ ရနိုင်သမျှသောသတင်းကို ဖော်ပြရမည့်ပြင်း ထိုသူပိုင် အခြားပစ္စည်း၏ ခန့်မှန်းခြေတန်ဖိုး စသည့် အချက်များကိုလည်း လိုအပ်လျှင် ဖော်ပြရမည်။

(ခ) ထိုသူ၏ ပစ္စည်းတွင် အကျိုးသက်ဆိုင်သူ၊ သို့တည်းမဟုတ် ပိုင်ဆိုင်ခွင့်ရှိသူဖြစ်သည်ဟူ၍ငင်း၊ ထိုသူပစ္စည်းတွင် အကျိုးသက်ဆိုင်ခွင့်ကို၊ သို့တည်းမဟုတ် ပိုင်ဆိုင်ခွင့်ကို တောင်းဆိုဖွယ်ရာ အကြောင်းရှိသူ

ဖြစ်သည်ဟူ၍သော်၎င်း၊ ယုံကြည်ရသည့် အခြားသူများ၏ အမည်နှင့် လိပ်စာများကိုလည်း ဖော်ပြရမည်။

၄။ ။ (၁) ပုဒ်မ ၃အရ လျှောက်လွှာရရှိသောအခါ၊ ခရိုင်ဝန်သည်၊ ထိုလျှောက်လွှာနှင့် ပတ်သက်သည့်သူက ဇယားဝင်ပြစ်မှု တစ်ခုခု ကျူးလွန်သည်ဟူ၍သော်၎င်း၊ ထိုပြစ်မှုကို ကျူးလွန်၍ငွေ၊ သို့တည်းမဟုတ် အခြားပစ္စည်းကို ရရှိသည်ဟူ၍သော်၎င်း၊ ယုံကြည်ရန် ယုတ္တိထင်ရှားသော အကြောင်းပြချက်များ မရှိဟု မိမိယူဆလျှင်၊ မရှိသည့် အကြောင်းများကို စာဖြင့်ရေးသား၍ လျှောက်လွှာကို ပယ်ရမည်။ ယင်းသို့မပယ်လျှင် ထိုသို့ရရှိသည်ဟု စွပ်စွဲသည့်ငွေ၊ သို့တည်းမဟုတ် အခြားပစ္စည်း ကိုဖြစ်စေ၊ အဆိုပါငွေ၊ သို့တည်းမဟုတ် အခြားပစ္စည်းကို ဝရမ်းကပ်ရန် ရနိုင်မည့်လက္ခဏာ မရှိလျှင်၊ ထိုအခြားပစ္စည်းများနှင့် တန်ဖိုးညီမျှသော ခရိုင်ဝန်ကသင့်သည် ထင်မြင်သည့်ထိုသူပိုင် အခြားပစ္စည်းကိုဖြစ်စေ၊ ဝါရမ်းကပ်သည့် ကြားဖြတ်အမိန့်ကိုခရိုင်ဝန်က ချက်ချင်း ချမှတ်ရမည်။

သို့ရာတွင် ခရိုင်ဝန်သည်၊ ထိုအမိန့်ချမှတ်ရန် မငြင်းဆိုမီ လျှောက်လွှာနှင့် အတူ ပူးတွဲပါ ကျမ်းကျိန်လွှာများ ပြုလုပ်သူ၊ သို့တည်းမဟုတ် ပြုလုပ်သူများကို စစ်ဆေးရမည်။

(၂) ခရိုင်ဝန်သည်၊ ပုဒ်မခွဲ (၁)အရ အမိန့်ချမှတ်သောအခါ ငွေ၊ သို့တည်းမဟုတ် အခြားပစ္စည်း ဝါရမ်းကပ်ခံရသူထံသို့ နို့တစ်စာချအပ်၍ ဝါရမ်းကပ်သည့် အမိန့်ကို စည်သည့် အတွက်ကြောင့် အတည်မပြုသင့်ကြောင်း၊ ထို နို့ တစ်စာတွင် သတ်မှတ်ထားသည့် နေ့ရက်၌ အကြောင်းပြရန် ဆင့်ဆိုရမည်။ ထိုနို့တစ်စာနှင့်အတူကြားဖြတ် အမိန့်လျှောက်လွှာ၊ ကျမ်းကျိန်လွှာများ၏ မိတ္တူများကို ထိုသူထံပေးပို့ရမည်။

(၃) ခရိုင်ဝန်သည်၊ အဆိုပါပုဒ်မခွဲအရ နို့တစ်စာ ထုတ်ဆင့်ထားသည့် သူ၏ ပစ္စည်းတွင် အကျိုးသက်ဆိုင်ခွင့်၊ သို့တည်းမဟုတ် ပိုင်ဆိုင်ခွင့်ရှိသည်ဟူ၍သော်၎င်း၊ အကျိုးသက်ဆိုင်ခွင့်၊ သို့တည်းမဟုတ် ပိုင်ဆိုင်ခွင့်ကို တောင်းဆိုဖွယ်ရာ အကြောင်းရှိသည်ဟူ၍သော်၎င်း၊ ပုဒ်မ ၃ (၃) (ခ)အရ ဖော်ပြထားသူ အသီးသီးထံသို့ အဆိုပါ ပုဒ်မခွဲအရ ထုတ်ဆင့်သည့် နို့တစ်စာတွင် သတ်မှတ်ထားသည့် နေ့ရက်၌ လာရောက်၍

ထိုပစ္စည်း၊ သို့တည်းမဟုတ် ထိုပစ္စည်း၏ တစိတ်တဒေသတွင် မိမိအကျိုး သက်ဆိုင်ခွင့်ရှိကြောင်း အကြောင်းပြလျက်၊ ထိုပစ္စည်း၊ သို့တည်းမဟုတ် ထိုပစ္စည်း၏ တစိတ်တဒေသ ဝါရမ်းကပ်ခြင်းကို ကန့်ကွက်လိုက ကန့်ကွက်ရန် နို့တစ်စာချအပ်၍ ဆင့်ဆိုရမည်။ ပုဒ်မခွဲ (၂)အရ ထုတ်ဆင့်သည့် နို့တစ်စာနှင့် အတူ ပူးတွဲပါရှိသည့်စာရွက်စာတမ်း မိတ္တူများကို ဤပုဒ်မခွဲအရ ထုတ်ဆင့်သည့် နို့တစ်စာနှင့်အတူ ပူးတွဲပေးပို့ရမည်။

(၄) ဝါရမ်းကပ်သည့်ပစ္စည်း၊ သို့တည်းမဟုတ် ထိုပစ္စည်း၏ တစိတ်တဒေသတွင် အကျိုးသက်ဆိုင်ခွင့်ရှိသည်ဟု တောင်းဆိုသည့် အခြားသူ တစ်ဦးတစ်ယောက်သည် ဤပုဒ်မအရ မိမိအား မည်သည့် နို့တစ်စာကိုမျှ ချအပ်ခြင်း မပြုစေကာမူ အမိန့်ကို ပုဒ်မ ၅၊ ပုဒ်မခွဲ (၁)အရဖြစ်စေ၊ ပုဒ်မခွဲ (၃)အရဖြစ်စေ၊ သက်ဆိုင်ရာပုဒ်မခွဲအရအမိန့် မချမှတ်မီ မည်သည့်အချိန်တွင်မဆို အထက်ဆိုခဲ့သည့်အတိုင်း ခရိုင်ဝန်ထံ ကန့်ကွက်နိုင်သည်။

၅ ။ ။ (၁) သတ်မှတ်ထားသည့်နေ့ရက်တွင်ဖြစ်စေ၊ ထိုနေ့ရက်မတိုင်မီဖြစ်စေ၊ ပုဒ်မ ၄ အရ အကြောင်းလည်းမပြ၊ ကန့်ကွက်ခြင်းလည်းမပြုလျှင် ခရိုင်ဝန်သည် ဝရမ်းကပ်သည့် ကြားဖြတ်အမိန့်ကို အတည်ပြုရန် ချက်ချင်းချမှတ်ရမည်။

(၂) အထက်ဆိုခဲ့သည့်အတိုင်း အကြောင်းပြလျှင်၊ သို့တည်းမဟုတ် ကန့်ကွက်လျှင် ခရိုင်ဝန်သည် ထိုအကြောင်းပြချက်၊ သို့တည်းမဟုတ် ကန့်ကွက်ချက်များကို စုံစမ်းစစ်ဆေးရမည်။ ထိုသို့စုံစမ်းစစ်ဆေးရာ၌ အမှုသည်များ စစ်ဆေးခြင်းနှင့် ပက်သက်၍၄င်း၊ အခြားကိစ္စ အရပ်ရပ်နှင့် ပက်သက်၍၄င်း၊ ခရိုင်ဝန်သည်၊ ဤအက်ဥပဒေပါ ပြဋ္ဌါန်းချက်များနှင့် မဆန့်ကျင်ဘဲ၊ တရားမ ကျင့်ထုံး ဥပဒေအရ၊ တရားမမှု ကြားနာစစ်ဆေးရာတွင် တရားရုံးကလိုက်နာသည့် နည်းလမ်းအတိုင်း လိုက်နာ၍၊ တရားရုံးက သုံးစွဲသော အာဏာအားလုံးကို သုံးစွဲရမည်။ ပုဒ်မ ၄ အရ၊ ကန့်ကွက်သူတဦးဦးအား ဝါရမ်းကပ်သည့်ပစ္စည်းတွင် ဝါရမ်းကပ်သည့် နေ့ရက်၌ မိမိအကျိုး သက်ရောက်ခွင့်ရှိကြောင်း သက်သေခံတင်ပြရန် ဆင့်ဆိုရမည်။

(၃) ပုဒ်မခွဲ ၂ အရ စုံစမ်းစစ်ဆေးပြီးနောက်၊ ခရိုင်ဝန်သည်၊ ဝါရမ်းကပ်သည့် ကြားဖြတ်အမိန့်ကို အတည်ပြုသည့်အမိန့်ကိုဖြစ်စေ၊ ပစ္စည်း၏ တစိတ်တဒေသကို ဝါရမ်းခွါ၍ ကြားဖြတ်အမိန့်ကို ပြောင်းလဲသည့်အမိန့်ကိုဖြစ်စေ၊ ထိုကြားဖြတ်အမိန့်ကို ရုပ်သိမ်းသည့် အမိန့်ကို ဖြစ်စေ ချမှတ်ရမည်။

(က) ဝါရမ်းကပ်ထားသည့် ထိုသူ၏ ပစ္စည်းတန်ဖိုးသည် ထိုသူဇယားဝင်ဖြစ်မှုကျူးလွန်၍ ရရှိသည်ဟု ယုံကြည်ရသောပစ္စည်း၏ တန်ဖိုးထက်မနည်းဟု မယူဆလျှင်၊ ထိုပြစ်မှုကျူးလွန်သည်ဟု ယုံကြည်ရသူ ပိုင်ဆိုင်ခွင့် ရှိသည်ဟု မိမိယူဆသော မည်သည့်ပစ္စည်းကိုမဆို ဝါရမ်းမခွါရ။

(ခ) ထိုသူက အဆိုပါပြစ်မှုကျူးလွန်၍ ငွေ၊ သို့တည်းမဟုတ် အခြားပစ္စည်းကို ရရှိသည်မဟုတ်ဟု မိမိမယူဆလျှင်၊ ဝါရမ်းကပ်သည့် အမိန့်ကို မရုပ်သိမ်းရ။

၆။ ။ (၁) ဇယားဝင် ပြစ်မှုကို ကျူးလွန်သည်ဟု ယုံကြည်ရသူနှင့်ပတ်သက်၍ ဝါရမ်းကပ်ရန်ရနိုင်သည့် ထိုသူပိုင်ပစ္စည်းများသည် အဆိုပါပြစ်မှုကို ကျူးလွန်၍ ထိုသူရရှိသည်ဟု ယုံကြည်ရသည့် ပစ္စည်းအရေအတွက်ထက်၊ သို့တည်းမဟုတ် တန်ဖိုးထက်၊ နည်းသည်ကို တွေ့ရှိလျှင်၎င်း၊ ထိုသူသည်ထိုပြစ်မှုကို ကျူးလွန်သည်ဟု စွပ်စွဲသည့်နေ့ရက်နောက်၊ ရိုးဖြောင့်သော သဘောဖြင့်လည်းမဟုတ်၊ အဖိုးစားနားအတွက်လည်းမဟုတ်ဘဲ မိမိပိုင်ပစ္စည်းကို (ဤအက်ဥပဒေအရ အာဏာတည်ပြီးနောက်ဖြစ်စေ၊ အာဏာမတည်မီဖြစ်စေ) လွှဲပြောင်းထားကြောင်းဖြင့် ယုံကြည်လောက်သောအကြောင်းရှိသည်ဟု ခရိုင်ဝန်က ကျမ်းကျိန်လွှာအရဖြစ်စေ၊ အခြားနည်းအရဖြစ်စေယူဆလျှင်၎င်း၊ ခရိုင်ဝန်သည် ထိုပစ္စည်းလွှဲပြောင်းခံရသူအား (ထိုသူသည် အဆိုပါပြစ်မှု ကျူးလွန်သူထံမှ ထိုပစ္စည်းကို တိုက်ရိုက်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ)
နို့တစ်စာချအပ်လျှက် ထိုနို့တစ်စာတွင် သတ်မှတ်ထားသောပစ္စည်း၏ "ထိုက်သင့်သည့်" တန်ဖိုးနှင့်ညီမျှသော လွှဲပြောင်းခံရသူ၏ပစ္စည်းကို မည်သည့်အတွက် ဝါရမ်းမကပ်သင့်ကြောင်း အကြောင်းပြရန် ဆင့်ဆိုနိုင်သည်။

(၂) အဆိုပါပြောင်းခံရသူသည် သတ်မှတ်ထားသည့်နေ့ရက်တွင်အကြောင်းပြရန် မလာမရောက်လျှင်၎င်း၊ ပုဒ်မ ၅၊ ပုဒ်မခွဲ (၂)တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအ

တိုင်း စုံစမ်းစစ်ဆေးပြီးနောက် ခရိုင်ဝန်ကပစ္စည်းကို ရိုးဖြောင့်သော သဘောဖြင့်လည်းမဟုတ်၊ အပိုစားနားအတွက်လည်း မဟုတ်ဘဲ၊ ထိုသူထံသို့လွှဲပြောင်းသည်ဟု ယူဆလျှင်ရင်း၊ ခရိုင်ဝန်သည်၊ လွှဲပြောင်းထားသော ပစ္စည်း၏ ထိုက်သင့်သည့် တန်ဖိုးနှင့် ညီမျှသည်ဟု မိမိသဘောရသည့် အဆိုပါ လွှဲပြောင်းခံရသူပိုင် ပစ္စည်းကို ဝါရမ်းကပ်ရန် အမိန့်ချမှတ်သည်။

၇။ ။ ဤအက်ဥပဒေအရ ချမှတ်သော ပစ္စည်းဝရမ်းကပ်သည့် အမိန့်ကို တရားမကျင့်ထုံးဥပဒေတွင် ဒီဂရီ အတည်ပြုသည့်အခါ၊ ပစ္စည်းဝရမ်း ကပ်ရန်အတွက် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း လိုက်နာနိုင်သမျှ လိုက်နာရမည်။

၈။ ။ ဤအက်ဥပဒေအရ ပစ္စည်းဝရမ်းကပ်ခံရသူ၊ သို့တည်းမဟုတ် ပစ္စည်းဝါရမ်းကပ်ခံရမည့်ဆဲဆဲ ဖြစ်သူ သည်၊ ထိုသို့ဝရမ်းကပ်မည့်အစား၊ အာမခံပေးခွင့်ပြုရန်၊ ခရိုင်ဝန်ထံ မည်သည့်အချိန်တွင် မဆိုလျှောက်ထားနိုင်သည်။ ထိုသို့ပေးသည့် အာမခံပစ္စည်းသည် ပြည့်စုံလုံလောက်သည် ဟု ခရိုင်ဝန်က ထင်မြင်လျှင် ဝရမ်းကပ်သည့်အမိန့်ကို ရုပ်သိမ်းနိုင်သည်။ သို့တည်းမဟုတ် ဝရမ်းကပ်သည့်အမိန့်ကို မချမှတ်ပဲနေနိုင်သည်။

၉။ ။ ခရိုင်ဝန်သည် ဖြောင့်မှန်သင့်လျော်သည်ဟု ထင်မြင်လျှင် ဤအက်ဥပဒေ အရ ဝါရမ်းကပ်ထားသည့် ပစ္စည်းကို မိမိက အခါအားလျော်စွာ ထုတ်ဆင့်သည့်ညွှန်ကြားချက်များနှင့်အညီ၊ ထိန်းသိမ်းစောင့်ရှောက်ရန် ပစ္စည်းထိန်းခန့်ထားနိုင်သည်။ ဤကဲ့သို့ ပစ္စည်းထိန်းခန့်ထားသည့်အခါ၊ တရားမကျင့်ထုံးဥပဒေ၏ ပထမဇယားရှိ အမိန့်အမှတ် ၄၀ပါ နည်းဥပဒေ ၂၊ ၃၊ ၄ နှင့် ၅ ၏ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ရမည်။

၁၀။ ။ ပုဒ်မ ၁၁ ပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ဤအက်ဥပဒေအရ ပစ္စည်းကို ဝရမ်းကပ်ရန် ချမှတ်သည့်အမိန့်သည် ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ စောစောက ရုပ်သိမ်းခြင်းမရှိခဲ့သော် -

(က) အဆိုပါ အမိန့်ချမှတ်ရန်လျှောက်ထားသည့် အချိန်အခါက စွပ်စွဲသည့် ဇယားဝင်ပြစ်မှုကို မည်သည့်ရာဇဝတ် တရားရုံးကမျှ အရေးမယူသေးလျှင်၊ ပုဒ်မ ၄၊ ပုဒ်မခွဲ (၁)အရ အမိန့်ချမှတ်သည့်နေ့မှ သုံးလကာလမျှ ဆက်လက်အတည်

ဖြစ်ရမည်။ သို့ရာတွင် ထိုပြစ်မှုကို ထိုအခါတောအတွင်း အရေးမယူမသာလျှင်၊ သို့တည်းမဟုတ် ထိုကာလအပိုင်းအခြားကို တိုးမြှင့်ရန် အစိုးရ၏ ကိုယ်စားလှယ်က လျှောက်ထား၍၊ ခရိုင်ဝန်က ယင်းသို့တိုးမြှင့်ရန် သင့်လျော်ဖြောင့်မှန်သည်ဟု ထင်မြင်သည့်အတိုင်း အမိန့်ချမှတ်ခြင်း မရှိမှသာလျှင် ဆိုခဲ့သည့်အတိုင်း သုံးလဆက်လက် အတည်ဖြစ်ရမည်။

(ခ) စွပ်စွဲသည့် ဇယားဝင် ပြစ်မှုကို အဆိုပါအမိန့် ချမှတ်ရန် လျှောက်ထားသည့်အချိန် မတိုင်မီဖြစ်စေ၊ လျှောက်ထားပြီးနောက်ဖြစ်စေ၊ တရားရုံးကအရေးယူလျှင်၊ ရာဇဝတ်မှုခင်းများ ပြီးဆုံးသည့်နောက်၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ၊ ခရိုင်ဝန်ကအမိန့်ချမှတ်သည့်အချိန်တိုင်အောင် ဆက်လက်အတည်ဖြစ်ရမည်။

၁၁။ (၁) ပုဒ်မ ၄၊ သို့တည်းမဟုတ် ပုဒ်မ ၆ အရအကြောင်းပြသည့်၊ သို့တည်းမဟုတ် ပုဒ်မ ၄ အရကန့်ကွက်သည့်၊ သို့တည်းမဟုတ် ပုဒ်မ ၈ အရလျှောက်လွှာတင်သွင်းသည့် အစိုးရ၊ သို့တည်းမဟုတ် တစ်ဦးတစ်ယောက်သောသူသည် ဤအက်ဥပဒေပါအထက်ဆိုခဲ့သည့် ပြဋ္ဌာန်းချက်တစ်ခုခုအရ ခရိုင်ဝန်ချမှတ်သည့်အမိန့်ကြောင့် နစ်နာလျှင်၊ ယင်းသို့နစ်နာစေသည့် အမိန့်ကိုချမှတ်သည့်နေ့မှ ရက်ပေါင်းသုံးဆယ်အတွင်း စီရင်ပိုင်ခွင့်အာဏာရှိသည့် တရားမရုံး၌ထိုပစ္စည်းတွင်ပိုင်ဆိုင်ခွင့်ရရှိရန် တရားမမှုစွဲဆိုနိုင်သည်။ သို့ရာတွင်တရားမမှုစွပ်ဆွဲလျှင် စီရင်ချက်ကိုယောက်၍ ခရိုင်ဝန်ချမှတ်သော ဝရန်းကပ်သည့်အမိန့်မှာအပြီးသတ်ဖြစ်ရမည်။

(၂) ထိုတရားမမှုကို အပြီးသတ်စီရင်ဆုံးဖြတ်ခြင်းမပြုရသေးမီ ပုဒ်မ ၈၊ သို့တည်းမဟုတ် ပုဒ်မ ၁၃ ပါပြဋ္ဌာန်းချက်များနှင့်အညီမှတပါး၊ မည်သည့်တရားရုံးကမျှ၊ ထိုတရားမမှုနှင့်ပတ်သက်သော ဝရမ်းကပ်သည့်အမိန့်ကို ရုပ်သိမ်းရန်၊ သို့တည်းမဟုတ် ရုပ်ဆိုင်းရန် အမိန့်မချမှတ်ရ။

(၃) ထိုတရားမမှုကိုအပြီးသတ်စီရင်ဆုံးဖြတ်ပြီးသောအခါ၊ ခရိုင်ဝန်မှာ ထိုတရားမမှုတွင်ချမှတ်သည့် အမိန့်အတိုင်းလိုက်နာရမည်။

၁၂။ (၁) ဇယားဝင်ပြစ်မှုကို ရာဇဝတ်ကြောင်းဖြင့် စစ်ဆေးစီရင်သည့်တရားရုံးသို့စီရင်ချက်မချမှတ်မီ အဆိုပါပြစ်မှုနှင့်စပ်လျှင်း၍ ဤအက်ဥပဒေအရပစ္စည်းကို ဝါရမ်းကပ်သည့်အမိန့်ချမှတ်ထားသည့်အချက်ကို အကြောင်းကြားလျှင်၊ အဆိုပါတရားရုံးသည် တရားခံကိုပြစ်မှုထင်ရှားစီရင်ခဲ့သော် ထိုပြစ်မှုကိုကျူးလွန်ခြင်းဖြင့်တရားခံရရှိသည့်ငွေမည်မျှ သို့တည်းမဟုတ် အခြားပစ္စည်း၏တန်ဖိုးမည်မျှဖြစ်ကြောင်း ဆုံးဖြတ်ချက်ချမှတ်ရမည်။

(၂) (ယင်းသို့ပြစ်မှုထင်ရှားစီရင်ခြင်းနှင့် စပ်လျှင်းသည့်အယူခံမှုတွင်၊ သို့တည်းမဟုတ် ပြင်ဆင်မှုတွင်)* အယူခံတရားရုံးသို့တည်းမဟုတ် (ပြင်ဆင်မှုကြားနာသည့်တရားရုံးသည်)* ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်သည်မဟုတ်လျှင် မိမိသင့်သည်ထင်မြင်သည့်အတိုင်း အဆိုပါဆုံးဖြတ်ချက်ကိုအတည်ပြုလျှင်လည်းအတည်ပြုရမည်၊ သို့တည်းမဟုတ် ပြုပြင်လျှင်လည်းပြုပြင်ရမည်။

(၃) ပုဒ်မခွဲ (၁) တွင်ရည်ညွှန်းသည့်ရာဇဝတ်ကြောင်း စစ်ဆေးစီရင်မှုတွင် ချမှတ်သည့် (တရားသေလွတ်သောအမိန့်နှင့် စပ်လျှင်းသည့်အယူခံမှု၌၊ သို့တည်းမဟုတ် ပြင်ဆင်မှု၌)* အယူခံတရားရုံး၊ သို့တည်းမဟုတ် (ပြင်ဆင်မှုကြားနာသည့်တရားရုံးသည်)* တရားခံကိုပြစ်မှုထင်ရှားစီရင်လျှင် အဆိုပါပုဒ်မခွဲတွင် ရည်ညွှန်းသည့်ဆုံးဖြတ်ချက်မျိုး ချမှတ်ရမည်။

၁၃။ (၁) ဤအက်ဥပဒေအရ ပစ္စည်းကိုဝါရမ်းကပ်သည့် အမိန့်ထုတ်သည့်၊ သို့တည်းမဟုတ် ယင်းသို့ဝါရမ်းကပ်သည့်အစား အာမခံပေးထားသည့်ဇယားဝင်ပြစ်မှုအတွက် ရာဇဝတ်ကြောင်းဖြင့်စစ်ဆေးစီရင်မှု ပြီးဆုံးခြင်းသို့ရောက်သောအခါအစိုးရ၏ ကိုယ်စားလှယ်သည် နှောင့်နှေးခြင်းမရှိဘဲ၊ ခရိုင်ဝန်အား ယင်းသို့ပြီးဆုံးကြောင်းကို အကြောင်းကြားရမည်။ ထို့ပြင် ရာဇဝတ်ကြောင်းဖြင့်တရားရုံးက စစ်ဆေးစီရင်လျှင် မူလစစ်ဆေးစီရင်သည့်ထိုတရားရုံးက ချမှတ်သောစီရင်ချက်၏၊ သို့တည်းမဟုတ်အမိန့်၏ မိတ္တူနှင့်အယူခံတရားရုံး၊ သို့တည်းမဟုတ် (ပြင်ဆင်မှုကြားနာသည့်တရားရုံးက)* ချမှတ်သောစီရင်ချက်

---

* ၁၉၅၁၊ အက်ဥပဒေ ၃၄ အရပြင်ဆင်သည်။

များ၊ သို့တည်းမဟုတ်အမိန့်များပါရှိလျှင် အဆိုပါစီရင်ချက်များ၏ သို့တည်းမဟုတ် အမိန့်များ၏မိတ္တူများကို ခရိုင်ဝန်ထံတင်ပြရမည်။

(၂) စွပ်စွဲသည့်ဇယားဝင်ပြစ်မှုကို ရာဇဝတ်ကြောင်းဖြင့်အရေးမယူကြောင်းကို ပုဒ်မခွဲ (၁) အရခရိုင်ဝန်ထံအစီရင်ခံသည့်အခါတွင်ဖြစ်စေ၊ ယင်းသို့အရေးယူလျှက်ရာဇဝတ်ရုံးများ၏အပြီးသတ်စီရင်ချက်အရ သို့တည်းမဟုတ်အမိန့်အရ တရားခံကို တရားသေလွှတ်သည့်အခါတွင်ဖြစ်စေ၊ ခရိုင်ဝန်သည်အဆိုပါ ပြစ်မှုနှင့်စပ်လျှင်း၍ ပစ္စည်းကိုဝရမ်းကပ်ရန် မိမိထုတ်သင့်သည့် အမိန့်ကို အမြန်ရုပ်သိမ်းရမည်။ အကယ်၍ဝရမ်းကာမ်မည့်အစား အာမခံပစ္စည်းလက်ခံထားလျှင် ထိုအာမခံပစ္စည်းကိုပြန်ပေးရန်အမြန်အမိန့်ထုတ်ရမည်။

(၃) ရာဇဝတ်ရုံးများ၏အပြီးသတ်စီရင်ချက်အရ၊ သို့တည်းမဟုတ်အမိန့်အရ တရားခံကိုပြစ်မှုထင်ရှားစီရင်သည့်အခါ၊ ဤအက်ဥပဒေအရဝရမ်းကပ်ထားသည့်တရားခံ၏ ပစ္စည်းများထဲမှ သို့တည်းမဟုတ် ဝရမ်းကာမ်မည့်အစား လက်ခံထားသော အာမခံပစ္စည်းများထဲမှ ပုဒ်မ ၁၂ အရ ရာဇဝတ်ရုံးများကချမှတ်သော အပြီးသတ်စီရင်ချက်တွင် သို့တည်းမဟုတ်အမိန့်တွင် ထိုပြစ်မှုကျူးလွန်ခြင်းဖြင့် တရားခံရရှိသည်ဟု သတ်မှတ်ထားသည့်ငွေကို သို့တည်းမဟုတ် တန်ဖိုးကိုအစိုးရဘဏ္ဍာတော်အဖြစ် သိမ်းယူရမည်။ ထို့ပြင်ပစ္စည်းကိုဝါရမ်းကပ်သည့်အတွက်အတွက် ကုန်ကျသည်ဟုခရိုင်ဝန်က ဆုံးဖြတ်သည့် အမိန့်ကိုလည်းနှုတ်ယူရမည်ဟု ခရိုင်ဝန်ကအမိန့်ချမှတ်ရမည်။ ထို့ပြင် ရာဇဝတ်ရုံးများက အပြီးသတ်စီရင်ချက် သို့တည်းမဟုတ် အမိန့်အရတရားခံကိုအခြားအပြစ်ဒဏ်နှင့်တွဲ၍ဖြစ်စေ မတွဲဘဲဖြစ်စေ၊ ငွေဒဏ်စီရင်ထားလျှင် သို့တည်းမဟုတ် ငွေဒဏ်စီရင်ခြင်းကို အတည်ပြုထားလျှင်အခြားနည်းအားဖြင့် ဒဏ်ငွေကိုအရတောင်းနိုင်ပြီး အာဏာကိုမထိခိုက်စေဘဲ၊ အဆိုပါဒဏ်ငွေကို ဝရမ်းကပ်ထားသည့်ကျန်ပစ္စည်းများထဲမှ သို့တည်းမဟုတ် ဝရမ်းကပ်မည့်အစား လက်ခံထားသောအာမခံပစ္စည်းများထဲမှ နှုတ်ယူရမည်ဟုလည်း ခရိုင်ဝန်ကအမိန့်ချမှတ်နိုင်သည်။

(၄) ပုဒ်မခွဲ (၃)အရ သိမ်းယူရန် သို့တည်းမဟုတ် နုတ်ယူရန် အမိန့်ချမှတ်ထားသည့် ငွေများသည် ဝရမ်းကပ်ထားသော တရားခံ၏ ပစ္စည်းတန်ဖိုးထက်ပိုနေသည့်အခါ ထို့ပြင် ပုဒ်မ ၆ အရ တရားခံက ပစ္စည်းလွှဲပြောင်း ခံရသူ၏ ပစ္စည်းကို ဝရမ်းကပ်ထားလျှင် ပုဒ်မခွဲ (၃)အရ ဘဏ္ဍာတော်အဖြစ် သိမ်းယူရမည်ဟု အမိန့်ချမှတ်သည့် ငွေအနက် မပြေကျန်ငွေကို ဝရမ်းကပ်ထားသည့် ထိုပစ္စည်း လွှဲပြောင်းခံရသူ၏ပစ္စည်းများထဲမှ သို့တည်းမဟုတ် ဝရမ်းကပ်မည့်အစားလက်ခံထားသော အာမခံ ပစ္စည်းများထဲမှ နုတ်ယူရမည်။ ထို့ပြင် ပစ္စည်းကို ဝရမ်းကပ်သည့်အတွက် ကုန်ကျသည်ဟု ခရိုင်ဝန်ဆုံးဖြတ်သည့် စရိတ်ကိုလည်း နုတ်ယူရမည်ဟု ခရိုင်ဝန်က အမိန့်ချမှတ်သည်။ ထို့ပြင်အခြားနည်းအားဖြင့် ဒဏ်ငွေကိုဖြစ်စေ ထိုဒဏ်ငွေအနက် မပြေကျန်ငွေ ကိုဖြစ်စေ ဝရမ်းကပ်ထားသည့်ပစ္စည်း လွှဲပြောင်းခံရသူ၏ ပစ္စည်းထဲမှ သို့တည်းမဟုတ် ဝရမ်းကပ်ရမည့်အစား လက်ခံထားသော အာမခံပစ္စည်းထဲမှ နုတ်ယူရမည်ဟုလည်း ခရိုင်ဝန်ကအမိန့်ချမှတ်နိုင်သည်။

(၅) ပုဒ်မခွဲ (၃)နှင့် (၄)အရ ထုတ်ဆင့်သည့် အမိန့်များအတိုင်းဆောင်ရွက်ပြီးနောက် ဇယားဝင်ပြစ်မှုနှင့် စပ်လျဉ်း၍ ဝရမ်းကပ်ထားသည့်ပစ္စည်း ခရိုင်ဝန်ထံ ကျန်သေးလျှင် သို့တည်းမဟုတ် ဝရမ်းကပ်မည့်အစား လက်ခံထားသော အာမခံပစ္စည်း ခရိုင်ဝန်ထံ ကျန်သေးလျှင် ထိုပစ္စည်းများကို ဝရမ်းကပ်ရန် မိမိထုတ်ဆင့်သည့် အမိန့်ကို အမြန်ရုပ်သိမ်းရမည်။ အကယ်၍ ဝရမ်းကပ်ရမည့်အစား အာမခံပစ္စည်း လက်ခံထားလျှင် ထိုအာမခံပစ္စည်းကို ပြန်ပေးရန် အမြန်အမိန့်ထုတ်ရမည်။

၁၄။ ။ ပုဒ်မ ၁၀ တွင် ပြဋ္ဌာန်းထားသည့် အတိုင်းမှတပါး တည်ဆဲ အခြားတရားဥပဒေတွင် မည်သို့ပင် ပါရှိစေကာမူ-

(က) ပုဒ်မ ၄ အရ သို့တည်းမဟုတ် ပုဒ်မ ၆ အရ နို့တစ်စာချအပ်ခံရသူမည်သူမျှ သို့တည်းမဟုတ် ပုဒ်မ ၄၊ ပုဒ်မခွဲ (၄) အရ ကန့်ကွက်သူ မည်သူမျှ၊

(၁) ပုဒ်မ ၁၃ အရ၊ ဘဏ္ဍာတော်ဖြစ် သိမ်းယူရန် အမိန့်ချမှတ်ထားသည့် ပစ္စည်းနှင့် ပတ်သက်၍ သို့တည်းမဟုတ် ထိုပုဒ်မအရ ချမှတ်ထား

သောအမိန့်နှင့်အညီ ဒဏ်ငွေအရတောင်းခံရန်သိမ်းယူသည့် ပစ္စည်းနှင့် ပတ်သက်၍ သို့တည်းမဟုတ်

(၂) ဤအက်ဥပဒေအရ ဝရမ်းကပ်ထားသည့် အခြားပစ္စည်းနှင့် ပတ်သက်၍ တရားမမှု သို့တည်းမဟုတ် အခြားမှုခင်းများကို တရားရုံးတွင် မစွဲဆိုရ။

(ခ) မည်သည့် တရားရုံးကမျှ မှုခင်းများတွင်ဖြစ်စေ အခြားနည်းဖြင့်ဖြစ်စေ အပိုဒ် (က) တွင် ရည်ညွှန်းသူ မဟုတ်သည့် ပုဂ္ဂိုလ်ကစွဲဆိုသော တရားမမှုတွင် အပြီးသတ် ဒီဂရီမှ တပါး ဤအက်ဥပဒေအရ ပစ္စည်း ဝရမ်းကပ်သည့်တည်ဆဲအမိန့်ကို ပျက်ပြယ်စေသည့် သို့တည်းမဟုတ် တစ်နည်းနည်းဖြင့် ထိခိုက်သည့် ဒီဂရီ သို့တည်းမဟုတ် အမိန့်ကိုဖြစ်စေ ဝရမ်းကပ်မည့်အစား အာမခံပစ္စည်းကို လက်ရှိထားနိုင်သည့် ခရိုင်ဝန်၏ အခွင့်အရေးကို ပျက်ပြယ်စေသည့် သို့တည်းမဟုတ် တစ်နည်းနည်းဖြင့် ထိခိုက်သည့် ဒီဂရီ သို့တည်းမဟုတ် အမိန့်ကိုဖြစ်စေ မချမှတ်ရ။

၁၅။ ။ နိုင်ငံတော် သမ္မတသည်၊ အစိုးရအမိန့် ပြန်တမ်းတွင် ထုတ်ပြန်ကြေငြာ၍ ဇယားဝင်ပြစ်မှုများကို ပယ်ဖျက်ခြင်း သို့တည်းမဟုတ် ပြောင်းလဲခြင်း သို့တည်းမဟုတ် ၎င်းဇယားတွင် နောက်ထပ်ပြစ်မှုများကို ထည့်သွင်းခြင်းပြုလုပ်နိုင်စေမည်။

၁၆။ ။ ဤအက်ဥပဒေနှင့်အအညီ သဘောရိုးနှင့် ပြုလုပ်သည့် သို့တည်းမဟုတ် ပြုလုပ်ရန် ကြံရွယ်သည့် အပြုအမူ တခုခုအတွက် မည်သူ့အပေါ်တွင်မျှ တရားမမှု ရာဇဝတ်မှု သို့တည်းမဟုတ် အခြားအမှုအခင်း စွဲဆိုခြင်းမပြုရ။

ပုဒ်မ ၂ (၁)---

(က) ပြည်သူပိုင် ပစ္စည်းနှင့် ပတ်သက်၍ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၇၉၊ ၃၈၀၊ ၃၈၁၊ ၄၀၆၊ ၄၀၈၊ ၄၀၉၊ ၄၁၁၊ ၄၁၂၊ ၄၁၃၊ ၄၁၄၊ ၄၁၇၊ ၄၂၁ နှင့် အရပြစ်မှုများ။

(ခ) ၁၉၄၇ခုနှစ် ပြည်သူ့ပစ္စည်း ကာကွယ်ရေး ( Public Property

Protection Act, 1947 ) အက်ဥပဒေ ၆(၁) အရပြစ်မှုများ၊

(ဂ) ၁၉၄၈ခုနှစ် အာဂတိလိုက်စားမှု တားမြစ်ရေး အက်ဥပဒေပုဒ်မ ၄ (၂) အရပြစ်မှုများ၊

(ဃ) ၁၉၄၇ ခုနှစ် နိုင်ငံခြားငွေ လဲလှယ်မှု စည်းမျဉ်းသတ်မှတ်ရေး အက်ဥပဒေ ( Foreign Exchange Regulation Act, 1947 ) ပုဒ်မ ၂၄ အရပြစ်မှုများ၊

(င) ၁၉၄၉ ခုနှစ် အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများ ဆိုင်ရာ အက်ဥပဒေ ( Essential Supplies And Services Act,1947 ) ပုဒ်မ ၈ အရ ပြစ်မှုများ၊

(စ) ၁၉၄၇ခုနှစ် ဝင်ကုန်ထွက်ကုန် ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေ [ Control of Imports and Exports ( Temporary ) Act, 1947 ] ပုဒ်မ ၅ အရပြစ်မှုများ။